ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သတင်းလွှာ

၂၀၂၀ပြည့်နှစ်၊အောက်တိုဘာလ

ပတ်ဝန်းကျင်ထိန်းသိမ်းရေး သတင်းလွှာ ၅/၂၀၂၀

# “အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီ ဒသမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း”



အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ ဒသမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂) ရက်နေ့၊ နံနက် ၉:၃၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅၈) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် Virtual Meeting တစ်ရပ်အားကျင်းပခဲ့ရာ ဗဟိုကော်မတီနာယက၊ ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

အစည်းအဝေးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Covid-19 လမ်းညွှန်ချက်များနှင့် အညီကျင်းပခဲ့ရာ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယသမ္မတ (၁)၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်များ အပါအဝင် စုစုပေါင်း (၂၅) ဦးတို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ တက်ရောက်ခဲ့ကြပြီး နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် (၃၈) ဦးက Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

ဗဟိုကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက တက်ရောက် အဖွင့်အမှာစကား ပြောကြားရာတွင် ဗဟိုကော်မတီ၏ (၄) နှစ်ကျော် ကာလအတွင်း ရရှိခဲ့သည့်အတွေ့

အကြံများ၊ အားနည်းချက်၊ အားသာချက်များအပေါ် အခြေခံ၍ သန့်ရှင်းသော ပတ်ဝန်းကျင်၊ ကောင်းမွန်သော ဂေဟစနစ် ရရှိနိုင်ရေးအတွက် ချမှတ်ထားသော မူဝါဒ၊ မဟာဗျူဟာ မူဘောင်များနှင့် ပင်မလုပ်ငန်း အစီအစဉ်များအား အကောင်အထည်ဖော်ရန်၊ နိုင်ငံအတွင်း အစီအမံများ ရေးဆွဲဆောင်ရွက်ရန်၊ နည်းပညာနှင့် ဘဏ္ဍာငွေ အထောက်အပံ့ ရရှိရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းမှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ လက်တွေ့ကျသော နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများကို ဗဟိုကော်မတီဝင်များအနေဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ အချင်းချင်း၊ ဝန်ကြီးဌာနများအချင်းချင်း ပိုမိုညှိနှိုင်းပေါင်းစပ်သွားကြရန် အလေးအနက်ထား တိုက်တွန်းပြောကြားခဲ့ပါသည်။




ဒုတိယသမ္မတ ဦးမြင့်ဆွေ

ထို့နောက် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးအုန်းဝင်းက မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိခိုက်ယိုယွင်းလာမှုများ၊ ရေထု ညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုစသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် ရာသီဥတုပြောင်းလဲမှုများအား လျှော့ချတိုက်ဖျက်နိုင်ရန်အတွက် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒရေရှည်မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မဟာဗျူဟာမူဘောင် (အပြီးသတ်မူကြမ်း) ကို သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအသီးသီး၌ အကောင်အထည်ဖော်နိုင်ရန်အတွက် အသေးစိတ်လုပ်ငန်း အစီအစဉ်များပါဝင်သော မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ ပင်မလုပ်ငန်းအစီအစဉ် (မူကြမ်း) ကို အပြီးသတ်ထုတ်ပြန်နိုင်ရေး ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်မှထုတ်ပြန်ပြီးဖြစ်သော မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာမူဝါဒ ရေရှည်မျှော်မှန်းချက် ရရှိရေးအတွက် သတ်မှတ်ထားသော ဦးစားပေးနယ်ပယ် (၆) ခုကို သက်ဆိုင်ရာကဏ္ဍအသီးသီးတွင် ပေါင်းစပ်အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်က ချမှတ်ထားပြီးဖြစ်သော မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများအား ကဏ္ဍအလိုက်နှင့် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းပေါင်းစပ်ရမည့် လုပ်ငန်းစဉ်များဖြစ်သဖြင့် ဗဟိုကော်မတီဝင်များနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများအနေဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက်နှင့် ဒေသအလိုက် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အထူးအလေးထား ဆောင်ရွက်ပေးကြရန်နှင့် အားလုံးပူးပေါင်းဆောင်ရွက်ပေးကြရန်တိုက်တွန်းပြောကြားခဲ့ပါသည်။




ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

ဗဟိုကော်မတီ အတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ယခင်ကျင်းပခဲ့သည့် ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးများမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်မှု ကော်မတီများမှ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လုပ်ငန်းကော်မတီ (၆) ခုမှ ဗဟိုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်း

တင်ပြခြင်း၊ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ပေါင်း (၁၇) ချက်ကို အတည်ပြုဆုံးဖြတ်ခဲ့ကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို နေ့လယ် (၁:၃၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။


အစည်းအဝေးတက်ရောက်ကြသူများ

## “မြန်မာနိုင်ငံ၏ မီနာမာတာ ကနဦးဆန်းစစ်ချက်နှင့် အသေးစားနှင့် တစ်နိုင်တစ်ပိုင် ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းများအတွက် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်း၏ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးကျင်းပခြင်း”




ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme – UNEP) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် “မြန်မာနိုင်ငံ၏ မီနာမာတာ ကနဦးဆန်းစစ်ချက်နှင့် အသေးစားနှင့် တစ်နိုင်တစ်ပိုင် ရွှေသတ္တုတူးဖော်ခြင်း လုပ်ငန်းများအတွက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်း(Development of Minamata Initial Assessment and National Action Plan for Artisanal and Small Scale Gold Mining in Myanmar)” ၏ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေး (Kick-off Meeting) ကို ၂၈-၁၀-၂၀၂၀ တွင် Virtual Meeting စနစ်ဖြင့် နေပြည်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် (၅၈) ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအစည်းအဝေးသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စီမံကိန်းဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အဖွဲ့ဝင်များ၊ မီနာမာတာ ကနဦးဆန်းစစ်ချက် လုပ်ငန်းအဖွဲ့ဝင်များ၊ UNEP ၊ Spectrum ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် အသေးစား ရွှေသတ္တုတူးဖော်ရေးအဖွဲ့အစည်း (Artisanal Gold Council- AGC) နှင့် ကမ္ဘာလုံးဆိုင်ရာ ပြဒါးမိတ်ဖက် အဖွဲ့အစည်း (Global Mercury Partnership – GMP) တို့မှ ပြည်ပကျွမ်းကျင်ပညာရှင်များ တက်ရောက်၍ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ဆွေးနွေးတင်ပြခဲ့ကြ ပါသည်။

အဆိုပါစီမံကိန်းနှင့်ပတ်သက်ပြီး UNEPနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် အသေးစားရန်ပုံငွေ ထောက်ပံ့ရေး သဘောတူညီချက် (Small Scale Funding Agreement- SSFA) အရ မီနာမာတာ ကနဦးဆန်းစစ်ချက် (Minamata Initial Assessment- MIA) ကို အတည်ပြုခြင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (National Action Plan- NAP) ကို ရေးဆွဲခြင်းနှင့် မီနာမာတာကွန်ဗင်းရှင်း အတွင်းရေးမှူးရုံးသို့ တင်ပြခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန်နှင့်မြန်မာနိုင်ငံမှ ပြဒါးဆိုင်ရာ မီနာမာတာကွန်ဗင်းရှင်းကို ဝင်ရောက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ၏ ပြဒါးဆိုင်ရာ လက်ရှိသတင်းအချက်အလက်များနှင့် အရင်းအမြစ်များအပေါ်တွင် အမျိုးသားအဆင့် ဆန်းစစ်ချက်အစီရင်ခံစာ တစ်စောင်ပြုစုခြင်း၊ ပြဒါးစီမံခန့်ခွဲမှုဆိုင်ရာ အကဲဖြတ်ခြင်းအပေါ် အမျိုးသားအဆင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် စည်းမျဉ်းမူဘောင်များ သတ်မှတ်ခြင်း၊ မီနာမာတာကွန်ဗင်းရှင်း

၏ အဓိကဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော်ရန်အတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအပေါ် အမျိုးသားအဆင့်နှင့် မြန်မာနိုင်ငံ၏ ပြဒါးအသုံးပြုသည့်ပမာဏ၊ အသုံးပြုသည့်နေရာဒေသများနှင့် ပြဒါးထုတ်လွှတ်နေမှုများနှင့် ပျံ့နှံ့နေမှုများကို ကဏ္ဍအလိုက် ကနဦးဆန်းစစ်ချက် ပြုလုပ်ခြင်း၊ မီနာမာတာကွန်ဗင်းရှင်းကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ရန်နှင့် ဆောလျင်စွာ အကောင်အထည်ဖော်ရန်အတွက် အကြံပြုချက်များအပေါ် အစီရင်ခံစာပြုစုခြင်း၊ မီနာမာတာ ကနဦးဆန်းစစ်ချက် အစီရင်ခံစာ မူကြမ်းပြင်ဆင်ခြင်းနှင့် အတည်ပြုခြင်း၊ မီနာမာတာ အတွင်းရေးမှူးရုံးသို့ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အစီရင်ခံစာ မူကြမ်းရေးဆွဲနိုင်ရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း စသည့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ပြဒါးသုံးစွဲမှုများကြောင့် ပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးအပေါ် ထိခိုက်မှုများအား လျှော့ချပေးနိုင်ခြင်း၊ ပြဒါးအစားထိုးသုံးစွဲနိုင်မည့် နည်းပညာအသစ်များ ရရှိနိုင်ခြင်း၊ ပြဒါးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းနှင့် မြန်မာနိုင်ငံမှ ပြဒါးဆိုင်ရာ မီနာမာတာ ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်နိုင်ရေးအတွက် ကြိုတင် ပြင်ဆင်မှုများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

## “ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ၏ ၂/၂၀၂၀ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း”



ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ၏ ၂/၂၀၂၀ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့တွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ COVID-19 လမ်းညွှန်ချက်များ နှင့်အညီ Video Conferencing စနစ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဦးဆောင်၍ ကျင်းပခဲ့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမော်က အဖွင့်အမှာစကားပြောကြားရာတွင် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ၏ (၁/၂၀၂၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ (၃၀) ရက်နေ့တွင် ကျင်းပခဲ့ပါကြောင်း၊ ယခု (၂/၂၀၂၀) အစည်းအဝေးတွင်လည်း မြေပေါ်ရေအရည်အသွေး စံချိန်စံညွှန်းရေးဆွဲခြင်းနှင့် ပတ်သက်၍ နည်းပညာဆပ်ကော်မတီဝင်များ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ သဘောထားမှတ်ချက်များအား ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာသော နည်းပညာဆပ်ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များမှ အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်အရည်အသွေးနှင့် စံချိန်စံညွှန်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်တင်သော်က မြန်မာနိုင်ငံ၏ မြေပေါ်ရေ အရည်အသွေးစံချိန်စံညွှန်း ရေးဆွဲထုတ်ပြန်နိုင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများမှ ရှင်းလင်းတင်ပြချက်များအပေါ်အကြံပြုဆွေးနွေးခဲ့ပါသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပခဲ့သည့် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာ ဆပ်ကော်မတီ၏ (၂/၂၀၂၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် Parameter များနှင့် ရေအတန်းအစား ခွဲခြားခြင်းများကို ဆွေးနွေးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် (၃/၂၀၂၀) လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင်လည်း နည်းပညာ အကူအညီပေးနေသော အဖွဲ့အစည်းများနှင့် NWRC မှ ကျွမ်းကျင်ပညာရှင်များကိုပါ ဖိတ်ကြား၍ ဆောင်ရွက်သင့်ပါကြောင်း၊ မြေပေါ်ရေ

အရည်အသွေးစံချိန်စံညွှန်း (မူကြမ်း) ပြီးစီးပါက နည်းပညာ ဆပ်ကော်မတီဝင်များ၏ သဘောတူညီမှု ရယူမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ၂၀၂၁ ခုနှစ် မတ်လတွင် မြေပေါ်ရေအရည်အသွေး စံချိန်စံညွှန်းထွက်ရှိရန်မျှော်လင့်ပါကြောင်းနှင့် ပတ်ဝန်းကျင် အရည်အသွေးနှင့် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## "Sustainable Consumption and Production Outreach in Asia– The Next Five Project" ဆိုင်ရာစီမံကိန်းအကြံပေးဘုတ်အဖွဲ့ (Project Advisory Board – PAB) ၏ ပထမအကြိမ် အစည်းအဝေးကျင်းပခြင်း"

ဘူတန်နိုင်ငံ ၊ ကမ္ဘောဒီးယားနိုင်ငံ ၊ လာအိုနိုင်ငံ ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် "SCP Outreach in Asia– The Next Five Project" တွန်းအားပေး ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်း အကြံပေးဘုတ်အဖွဲ့ (Project Advisory Board – PAB) ၏ ပထမအကြိမ် အစည်း အဝေးကို Virtual Meeting စနစ်ဖြင့် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ (၁၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ စီမံကိန်းကို ဦးစီးဆောင်ရွက်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမော်နှင့်အဖွဲ့မှ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ထိုင်းနိုင်ငံအခြေစိုက် GIZ မှ ကိုယ်စားလှယ်များနှင့် Project Team အဖွဲ့များ၊ ထိုင်းနိုင်ငံ သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုထိန်းချုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ၊ Thailand International Cooperation Agency (TICA) မှ ကိုယ်စားလှယ်များ၊ စီမံကိန်း ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် (၅) နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများ၏ မဟာဗျူဟာ ၊ မူဝါဒ၊ SCP, GPP နှင့် Eco–Labels တို့နှင့် ပတ်သက်သည့်ဥပဒေများအား ဖလှယ်နိုင်ရန်၊ ပြီးခဲ့သည့် ၆ လအတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက် တိုးတက်မှု အခြေအနေများအား တင်ပြနိုင်ရန်နှင့် မူဝါဒမဟာဗျူဟာများနှင့် အစီအစဉ်များအပေါ် လုပ်ငန်းဆောင်ရွက်ချက်များ၊ သဘောတူညီမှုများကို ဆွေးနွေးနိုင်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

ဆွေးနွေးပွဲတွင် အဖွဲ့ဝင်နိုင်ငံများမှ မိမိတို့နိုင်ငံတွင် Green Public Procurement (GPP) Systems and Eco–labeling Schemes တို့နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များ ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်မည့် အစီအစဉ်များ၊ စီမံကိန်းလုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်နိုင်မည့်စံနှုန်း၊ MOU/ Agreement တို့အား အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

## "ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ကနဦးပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆောင်ရွက်မည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပခြင်း"



ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA)၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination – IEE) ဆိုင်ရာ အစီရင်ခံစာများကို ပြုစုရေးဆွဲကြမည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်တိုးမြင့်လာစေရန်၊ အရည်အချင်းပြည့်မီသော IEE သို့မဟုတ် EIA Report များ တင်ပြလာနိုင်စေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၈၊ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ အရ

တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း စနစ်တစ်ခု ပြဋ္ဌာန်းနိုင်ရန် ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် နေပြည်တော်ရှိ ရုံးအမှတ် (၅၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဦးစီးရုံးချုပ်ရှိ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း (မူကြမ်း) ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ ကျွမ်းကျင်ပညာရှင် Dr. Kanji USUI တို့ပူးပေါင်း၍ ရေးဆွဲခဲ့ပြီး လုပ်ငန်းလိုင်စင်လုပ်ထုံးလုပ်နည်း (မူကြမ်း) ဆွေးနွေးပွဲများကို ၃-၈-၂၀၁၅ တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ ၁၂-၃-၂၀၁၅၊ ၁၄-၃-၂၀၁၆၊ ၅-၄-၂၀၁၉၊ ၁၃-၉-၂၀၁၉ ရက်နေ့တို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင်လည်းကောင်း စုစုပေါင်း (၅)ကြိမ်ချပြရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ယခုအစည်းအဝေးတွင်လည်း တက်ရောက်လာသူများ၊ ဆက်စပ်ပတ်သက်သူများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများထံမှ ရရှိခဲ့သောသဘောထားမှတ်ချက်များအားစုစည်း၍ လုပ်ငန်းလိုင်စင်လုပ်ထုံးလုပ်နည်း အပြီးသတ်မူကြမ်း ထွက်ရှိနိုင်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**"ဂျပန်နိုင်ငံ ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် "Bilateral Cooperation Project for Promotion of Co-benefits Approach on Air Pollution Control in Myanmar" စီမံကိန်း နှင့်ပတ်သက်၍ ပထမအကြိမ် Expert Meeting ပြုလုပ်ခြင်း''**

အာဆီယံနိုင်ငံများအတွင်း ပတ်ဝန်းကျင် ညစ်ညမ်းမှုလျှော့ချခြင်းနှင့်အတူ မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် Policy Tool အဖြစ် ဂျပန်နိုင်ငံတွင် အသုံးပြုသည့် နည်းလမ်းတစ်ခုဖြစ်သော Co-benefits Approach ဖြင့် ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံတွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန်အတွက် ကာဗွန်လျှော့ချမှုနည်းပညာ (Low – Carbon Technologies) တီထွင်ဆန်းသစ်ဆောင်ရွက်ရန် နည်းပညာအကူအညီပေးမည့် Bilateral Cooperation Project for Promotion of Co-benefits Approach on Air Pollution Control in Myanmar စီမံကိန်းဆိုင်ရာ အစည်းအဝေးတစ်ရပ်အား ၂၀-၁၀-၂၀၂၀ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပတ်ဝန်းကျင်အရည်အသွေးနှင့် စံချိန်စံညွှန်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်တင်သော်နှင့် တာဝန်ရှိသူများ၊ Nippon Koei Co., Ltd, Osumi Co., Ltd နှင့် Myanmar Koei International Ltd တို့မှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် နှစ်နိုင်ငံပူးပေါင်း၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် Green House Gas များ လျှော့ချနိုင်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ ဂျပန်နိုင်ငံ၏ နည်းပညာများ၊ စနစ်များ၊ အတွေ့အကြုံများနှင့် အသိပညာများကို အသုံးချသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ လေထုညစ်ညမ်းမှုနှင့် Green House Gas လျှော့ချရေးကို တစ်ပြိုင်နက်တည်း လုပ်ဆောင်နိုင်သည့် Co-benefits Approach Project အဖြစ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ၏ ၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ် မှစတင်၍ Co-benefits Approach Project အား မြန်မာနိုင်ငံတွင် အဓိကထား လုပ်ဆောင်သွားမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မည့်အဖွဲ့အစည်းမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဖြစ်ပါကြောင်း၊ စီမံကိန်းအနေဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ကျ

စေရန်နှင့် Join Credit Mechanism (JCM) ကိုအသုံးချနိုင်ရန် အလားအလာရှိသော စီမံကိန်းများကို ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ Project တွင် လုပ်ဆောင်ရမည့် အဆင့်(၆) ဆင့် ပါဝင်ပါကြောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (MOPFI) ၏ Boiler Certificate System ၊ Boiler အသုံးပြုမှုနှင့် ပတ်သက်၍ ထုတ်လွှတ်အခိုးအငွေ့နှင့် လောင်စာဆီ ထိန်းချုပ်ခြင်း ဆိုင်ရာ အစီအမံများအဖြစ် စီမံကိန်းဆောင်ရွက်ခြင်းဖြစ်သောကြောင့် ရလဒ်များအနေဖြင့် Boiler များတွင် အပူချိန်ထိန်းချုပ်ခြင်းကိုလုပ်ဆောင်ခြင်းဖြင့် လေထုညစ်ညမ်းမှုနှင့် Green House Gases များ လျော့ကျလာခြင်း၊ Co–benefits Manual များ ရရှိလာခြင်း၊ Co–benefits Diagnostic Technology ၏ စံသတ်မှတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိပါကြောင်း၊ စီမံကိန်းကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး Pilot Activity အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပထမဦးစွာ စံပြစက်ရုံများရွေးချယ်ခြင်းနှင့် သင်တန်းများပေးခြင်း၊ Kick–off Meeting နှင့် Seminar ကျင်းပခြင်းများပြုလုပ်မည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မည့် အဖွဲ့အစည်းများအနေဖြင့် ဂျပန်နိုင်ငံမှ MOEJ, Nippon Koei Co., Ltd, Osumi Co., Ltd, Myanmar Koei International Ltd နှင့် မြန်မာနိုင်ငံမှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော Energy Conservation Law (မူကြမ်း) ရေးဆွဲမှုအခြေအနေများ၊ Energy Conservation Guideline ရေးဆွဲမည့်အစီအစဉ်များ၊ မြန်မာနိုင်ငံ၏ Energy Conservation Guideline ကို ၎င်းတို့ ရေးဆွဲမည့် လမ်းညွှန် Manual များတွင် ထည့်သွင်းအသုံးပြုနိုင်ရေး ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ Pilot Activity ပြုလုပ်ရန်ရွေးချယ်ထားသည့် စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ၊ စွမ်းအင်သုံးစွဲမှုများ လျှော့ချနိုင်ရေးဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အနေဖြင့် ယခုစီမံကိန်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချလာနိုင်ပြီး မူဝါဒနှင့် အဖွဲ့အစည်းများ အားကောင်းလာစေရေး ကူညီထောက်ပံ့နိုင်မည်ဖြစ်သကဲ့သို့ ကာဗွန်လျှော့ချမှု နည်းပညာများ အားကောင်းလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါ၍ မိမိတို့အနေဖြင့်လည်း ရလဒ်ကောင်းများ ထွက်ပေါ်လာရေး အကောင်းဆုံးကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ”

### ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန်ရှိ တိုင်ကြားခံရသည့် ခဲစက်ရုံ (၂) ရုံအား စစ်ဆေးခြင်း

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန်ရှိ ခဲစက်ရုံများဖြစ်သော Myanmar Smelting & Refining Co., Ltd. နှင့် Yangon Metal Industry Co., Ltd. မှ အဆိပ်ဓာတ်ကြွင်းများစွာပါဝင်သော စွန့်ပစ်ခဲမြေစာများကို ဝါးနက်ချောင်း ကျေးရွာအုပ်စုအတွင်း နေရာအနှံ့ လာရောက်စွန့်ပစ်နေသောကြောင့် မြေဆီလွှာပျက်စီးခြင်း၊ သောက်သုံးရေတွင် အဆိပ်ဓာတ်ငွေ့များစွာ ပါဝင်လာခြင်း၊ ဒေသအတွင်းနေထိုင်သူများ ကျန်းမာရေးထိခိုက်လာခြင်း စသည့်အန္တရာယ်များ နောင် (၁၀) နှစ် အတွင်း ဖြစ်ပွားလာနိုင်ပါသဖြင့် အရေးယူဆောင်ရွက်ပေးပါရန် ဒေသခံများမှ တိုင်ကြားလာမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တိုင်ကြားခံရသော ခဲစက်ရုံ(၂)ရုံနှင့် မြောင်းတကာသံမဏိသံရည်ကျိုစက်မှုဇုန်ကော်မတီ အတွင်းရေးမှူးတို့ထံသို့ ၆–၁၀–၂၀၂၀ ရက်နေ့တွင် ဆက်သွယ်မေးမြန်းခဲ့ရာ ခဲစက်ရုံ(၂)ရုံမှ စွန့်ပစ်ခဲမြေစာများသည် မီးလောင်လွယ်ခြင်း၊ ပြင်းထန်သော အနံ့ဆိုးများထွက်ခြင်း၊ အဆိပ်ဓာတ်ကြွင်းများ ပါဝင်သောကြောင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ ဝါးနက်ချောင်း ကျေးရွာအုပ်စု အမြင့်ပိုင်းမှ စွန့်ပစ်သည့်အတွက် ကျေးရွာအတွင်းရှိ ရေမြောင်းများမှတစ်ဆင့် စပါးကြီးချောင်းအတွင်းသို့ စီးဝင်ပြီး မြေဆီလွှာများပျက်စီးခြင်းနှင့် သောက်သုံးရေများတွင် အဆိပ်ဓာတ်များပါဝင်ခြင်းတို့ ကြုံတွေ့နေရကြောင်း ဒေသခံများအနေဖြင့် ခဲစက်ရုံ (၂) ရုံမှ ကျေးရွာအတွင်း စွန့်ပစ်

ခဲမြေစာများအား ထပ်မံစွန့်ပစ်ခြင်းမရှိပါက ကျေအေးပေးနိုင်ပါကြောင်းနှင့် ခဲစက်ရုံများအနေဖြင့်လည်း စွန့်ပစ်ခဲမြေစာများအား စွန့်ပစ်နိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ မြေနေရာ တောင်းခံထားသည်မှာ (၂) နှစ်ခန့်ရှိပြီဖြစ်၍ မြေနေရာ ရရှိလာပါက သတ်မှတ်နေရာတွင် စနစ်တကျ စွန့်ပစ်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် အဆိုပါစက်ရုံ (၂)ရုံမှ တာဝန်ရှိသူများအား ကျေးရွာအတွင်းရှိ စွန့်ပစ်ခဲမြေစာများကို ဒေသခံများနှင့် ညှိနှိုင်း၍ ဖယ်ရှားပေးရန်၊ စွန့်ပစ်နေရာရရှိရန် သက်ဆိုင်ရာဌာနများသို့ တင်ပြရန်၊ စွန့်ပစ်ခဲမြေစာနှင့် ချော်ထွက်မှု လျော့နည်းစေရန် အရည်အသွေးကောင်းမွန်သော ကုန်ကြမ်းများ အသုံးပြုရန်၊ စွန့်ပစ်မြေနေရာမရရှိမီ စွန့်ပစ်ခဲမြေစာများအား စွန့်ပစ်ဆောင်ရွက်မည့်အစီအမံများ ရေးဆွဲတင်ပြရန်နှင့်စွန့်ပစ် မြေနေရာရရှိလာပါကလည်း လူ၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့အား ထိခိုက်စေခြင်းမရှိစေပဲ စနစ်တကျ စွန့်ပစ်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်ရှိ ကျောက်ထုတ်လုပ်ငန်းအားကွင်းဆင်းစစ်ဆေးခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ကင်းသာကျေးရွာအုပ်စု ကွင်းအမှတ် (ကြေးပြင်ကွင်း) ၌ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်အတွက် ကျောက်ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုင်စင် တင်ပြလျှောက်ထားလာခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ သဘောထားမှတ်ချက်ပြုပေးနိုင်ရေး အတွက် (၂-၁၀-၂၀၂၀) ရက်နေ့တွင် ဥတ္တရခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးဆောင်သောအဖွဲ့မှ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ထုတ်လုပ်ငန်းကြောင့် လမ်းတံတားများ ပျက်စီးနိုင်ခြင်း ရှိ/မရှိ၊ ပြည်သူလူထုသို့ ဘေးအန္တရာယ်ကျရောက်နိုင်ခြင်း ရှိ/မရှိ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှု ရှိ/မရှိ စသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းရှင်များမှ ဝန်ထမ်းများအတွက် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးခဲ့ပါသည်။ ယင်းနောက် ခရိုင်ဦးစီးမှူးမှ ကျောက်ထုတ်လုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာရမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လိုက်နာဆောင်ရွက်နိုင်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။



ကင်းသာကျေးရွာအုပ်စု ကွင်းအမှတ် (ကြေးပြင်ကွင်း) ရှိ ကျောက်ထုတ်မည့်နေရာသို့ ကွင်းဆင်းစစ်ဆေးခြင်း

## မြိတ်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ငါးအမှုန့်ကြိတ်စက်ရုံလုပ်ငန်းများအား မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်အတွင်းရှိ အောင်မြတ်ဖြိုး၊ Vintage ၊ အေအက်စ်ကေအက်ဒမန် ငါးအမှုန့်ကြိတ် စက်ရုံလုပ်ငန်း (၃) ခုမှ မြိတ်ခရိုင်အတွင်းရှိ ငါးမှုန့်ကြိတ်စက်ရုံများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ ရေထွက်ပစ္စည်းပြုပြင် စက်ရုံလိုင်စင် (၂၀၂၀-၂၀၂၁) သက်တမ်းတိုးလျှောက်ထားလာခြင်းအပေါ် သဘောထားမှတ်ချက်ပေးနိုင်ရန် မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မြေပြင်ကွင်းဆင်းစစ်ဆေးမှု ဆောင်ရွက်ရာတွင် စက်ရုံလုပ်ငန်း လည်ပတ်ဆောင်ရွက်ရန် အောင်မြတ်ဖြိုးငါးအမှုန့်ကြိတ်စက်လုပ်ငန်းနှင့် အေအက်စ်ကေအက်ဒမန်ငါးအမှုန့်ကြိတ်စက်လုပ်ငန်းများသည် တစ်ရက်လျှင် ဒီဇယ်ဂါလန် (၂၅၀) အသုံးပြုရပြီး Vintage ငါးအမှုန့်ကြိတ် စက်ရုံလုပ်ငန်းသည် တစ်ရက်လျှင် ဒီဇယ်ဂါလန် (၇၅၀) အသုံးပြုရသောကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု အပါအဝင်မှန်လုံအိမ်အာနိသင် တိုးပွားမှုများဖြစ်ပေါ်ပြီး ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ကြောင်း သုံးသပ်ရပါသည်။

ထို့ကြောင့် အဆိုပါ ငါးအမှုန့်ကြိတ်စက်လုပ်ငန်း (၃) ခုမှ လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်အောင်ပြုလုပ်ခြင်းနှင့် ကုစားခြင်းများပြုလုပ်ရန်၊ လုပ်ငန်း (၃)ခုမှ နေ့စဉ် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ ($CO_2$) (၂၅၄၅) Kg ထုတ်လွှတ်ခြင်းကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုများအား ကုစားနိုင်ရန် နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ ($CO_2$) ထုတ်လွှတ်မှုနှင့် ညီမျှသည့် သစ်ပင်

အရေအတွက်အား မိမိစက်ရုံဝန်းကျင်တွင် စိုက်ပျိုးရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၄ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၅ တို့ တွင်ပြဋ္ဌာန်းထားသည့် အတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြည့်အဝ လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် လိုအပ်ချက်များအား လမ်းညွှန်ခဲ့ပါသည်။



Vantage ကုမ္ပဏီ၏ ငါးအမှုန့်ကြိတ်စက်ရုံလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခြင်း

## ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင်အနံ့ဆိုး ထွက်ရှိနေသော ကြက်ခြံများအားတိုင်ကြားစာအရ ကွင်းဆင်းစစ်ဆေးခြင်း

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ ထီရိ (ရေဦး) ကျေးရွာအနီးတွင် ကြက်ခြံ (၃)ခြံသည် ကျန်းမာရေးနှင့်ညီညွတ်အောင် စနစ်တကျဆောင်ရွက်ထားခြင်း မရှိသောကြောင့် ၎င်းတို့၏ ကြက်ခြံများမှထွက်ရှိသော အနံ့အသက်ဆိုးများကို ထီရိ(ရေဦး) ကျေးရွာနေပြည်သူများမှ ရှူရှိုက်နေရသဖြင့် ရေရှည်ကျန်းမာရေးကို ထောက်ရှုပြီး အမြန်ဆုံး ဖယ်ရှားပေးပါရန် ဒေသခံများမှ တိုင်ကြားလာမှု အပေါ် ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြည်နယ်တာဝန်ခံ ဦးဆောင်၍ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ၉-၁၀-၂၀၂၀ ရက်နေ့တွင် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

## တိုင်ကြားစာပါ အချက်များနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များ

မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာတွင် အဆိုပါကြက်ခြံသုံးခုလုံးရှိ ကြက်အားလုံးကို ၂၀၂၁ ခုနှစ်၊ မေလကုန်တွင် အပြီးပြန်လည်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ယခုမရောင်းချမီ စပ်ကြားကာလအတွင်း အဆိုပါကြက်ခြံမှ အနံ့ဆိုးများထွက်ရှိခြင်း၊ ပင့်ကူမျှင်များရှိနေခြင်း၊ သန့်ရှင်းရေး ပြုလုပ်မှုအားနည်းခြင်း၊ ကြက်ချေးစုကန်မှ လောက်နှင့် ယင်ကောင်များ ပေါက်ပွား လျက်ရှိခြင်း၊ ကြက်ချေးစွန့်ရန်နေရာတွင်လည်း သန့်ရှင်းမှု အားနည်းခြင်း၊ ကြက်ရေသောက်ရာမှ ပိုလျှံထွက်ကျလာသည့် ရေများအား ကြက်ခြံအောက်သို့ ကျရောက်မှု မရှိစေရန် စီမံဆောင်ရွက်ထားခြင်းမရှိကြောင်း၊ လုပ်ငန်းရှင် (၃) ဦး၏ ကြက်မွေးမြူရေးလုပ်ငန်းသည် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ၊ လုပ်ငန်းလိုင်စင်များ ရယူဆောင်ရွက်ခွင့်ပြုခဲ့ခြင်းမရှိကြောင်းနှင့် ဒေသခံပြည်သူများ၏ သဘောထား ရယူဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ထိုလစ်လပ် မြေနေရာအား ဝယ်ယူ၍ လုပ်ကိုင်ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ကြက်ခြံများနှင့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စီမံဆောင်ရွက်မှုမရှိခြင်း၊ ကြက်ခြံများမှာ ထီရိကျေးရွာနှင့် နီးကပ်နေသောကြောင့် ဒေသခံ ပြည်သူများမှ လုပ်ငန်းရှင်များနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့သော်လည်း ကြက်ခြံများအား စနစ်တကျ သန့်ရှင်းစွာထားရှိခြင်းနှင့် အနံ့ဆိုးများလျော့ပါးသက်သာစေရန် ပြုပြင်ဆောင်ရွက်ပေးမှု မရှိခြင်းတို့ကြောင့် လူနေပတ်ဝန်းကျင်တွင် အနံ့အသက်ဆိုးများ ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကျေးရွာ၏ သာရေး၊ နာရေးတို့တွင် ပါဝင်မှုလိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်နေစဉ် ဒေသခံပြည်သူတို့၏ သဘောထားကို အလေးပေးဆောင်ရွက်သင့်ကြောင်းတွေ့ရှိရပါသည်။



မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ကြက်ခြံများသို့ ကွင်းဆင်း စစ်ဆေးခြင်း

## အကြံပြုတင်ပြချက်များ

ကြက်မွေးမြူရေးလုပ်ငန်းများအနေဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်မှုများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော အခြေခံကျန်းမာရေးဆိုင်ရာ လိုက်နာရမည့် အချက်များနှင့်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်၊ ကြက်မွေးမြူရေးလုပ်ငန်းများအနေဖြင့် အနီးပတ်ဝန်းကျင်သို့ အနံ့ထွက်ရှိမှုအား ယခုထက် ပိုမို၍ ထိရောက်စွာ လျှော့ချနိုင်ရေးအတွက် အနံ့ထွက်ရှိမှု လျှော့ချရေးနည်း စနစ်အား အသုံးပြုရန်၊ ကြက်ခြံသန့်ရှင်းရေးကို အနည်းဆုံး တစ်ပတ်လျှင် (၂) ကြိမ်ပြုလုပ်ရန်၊ ကြက်ခြံဝန်း နယ်နိမိတ် ပတ်လည်တွင်လည်း ဒေသနှင့် ကိုက်ညီသော လေကာပင်များအား စိုက်ပျိုးရန်၊ ကြက်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသော ကြက်ချေးများကို အခြောက်ခံပြီး စိုက်ပျိုးရေးတွင် မြေဩဇာအဖြစ် ပြန်လည်ရောင်းချရန် (သို့မဟုတ်) ပြန်လည်အသုံးပြုရန်၊ ကြက်ခြံမြေပတ်လည်ကို ထုံးဖြူးရန်၊ ယင်ကောင်များ ပေါက်ပွားမှုမရှိစေရေး စီမံဆောင်ရွက်ရန်နှင့် အနံ့အသက်မထွက်ရှိစေရေး အနံ့အသက်ပျောက်ဆေးများ ပုံမှန်အသုံးပြုရန်၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ကျေးရွာ၏ သာရေး၊ နာရေးတို့တွင်ပါဝင်ရန်၊ ဒေသခံပြည်သူများနှင့်ပြေလည်စွာဆက်ဆံရန်၊ လုပ်ငန်းဆောင်ရွက်နေစဉ် ဒေသခံပြည်သူတို့၏ သဘောထားရရှိရေးကို အလေးထားဆောင်ရွက်ရန်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများမှ ခေါ်ယူတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရာတွင် လိုက်နာအကောင်အထည်ဖော်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၄ နှင့် ၁၅ ပါ လမ်းညွှန်ချက်များနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး လိုက်နာ ဆောင်ရွက်ရန်၊ Covid ကာလဖြစ်သဖြင့် ကြက်မွေးမြူရေးခြံများအား ဖျက်သိမ်းမည်ဆိုပါက လုပ်ငန်းရှင်များနှင့် အလုပ်သမားများအနေဖြင့် စီးပွားရေးထိခိုက်မှုများ ခံစားရမည်ဖြစ်ပါသောကြောင့် လက်ရှိလုပ်ကိုင်လျက်ရှိသော ကြက်မွေးမြူရေးလုပ်ငန်းကို သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်၍ လုပ်ကိုင်သွားရန်၊ လုပ်ငန်းရှင်များအနေဖြင့်လည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။



ကြက်မွေးမြူရေးလုပ်ငန်းများအား မြေပြင်ကွင်းဆင်းစစ်ဆေးရေး အဖွဲ့မှ ကြက်ခြံများ ပြင်ဆင်ထားရှိမှုအား စစ်ဆေးခြင်း

## "စားနပ်ရိက္ခာဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်းများကို လျှော့ချရေးဆိုင်ရာ ကောက်နုတ်ချက်များ"




၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ (၂၉) ရက်နေ့တွင် ကျရောက်သော ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာဆုံးရှုံးမှု နှင့် စွန့်ပစ်ပစ္စည်းလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization– FAO) ၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme– UNEP) နှင့် ယင်းတို့၏ မိတ်ဖက်အဖွဲ့အစည်းများက စားနပ်ရိက္ခာဖူလုံမှုနှင့် သဘာဝအရင်းအမြစ်များ များစွာပြုန်းတီးမှု မရှိစေရေးအတွက် စားနပ်ရိက္ခာဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်းများကို လျှော့ချရန် တိုက်တွန်းခဲ့မှုနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်မှ ဆောင်ရွက်ချက်များကို ဖော်ပြပါအတိုင်း သတင်းထုတ်ပြန်ခဲ့ပါသည်–

(၁) ယခုအခါ လူသန်းပေါင်း (၆၉၀) ခန့်မှာ ဆာလောင်မွတ်သိပ်လျက်ရှိပြီး၊ (၃) ဘီလီယံခန့်မှာလည်း ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို မမှီဝဲနိုင်ခြင်း၊

(၂) အစားအစာ ငတ်မွတ်ခေါင်းပါးမှုမှာ လွန်ခဲ့သော (၅) နှစ်အတွင်း မြင့်တက်လာခဲ့ပြီး COVID-19 ရောဂါကြောင့် နောက်ထပ် ပြည်သူ (၁၃၂) သန်းကျော်တို့၏ စားနပ်ရိက္ခာနှင့် အာဟာရ လုံခြုံမှုမှာလည်း ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရခြင်း၊

(၃) ၂၀၂၀ ပြည့်နှစ်တွင် COVID-19 ကြောင့် ခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေး ကန့်သတ်ချက်များ၏ အကျိုးဆက်အဖြစ် စားနပ်ရိက္ခာ ဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်းများ ပိုမိုတိုးပွားလာခြင်း၊

(၄) COVID-19 မတိုင်မီကပင်နှစ်စဉ် ကမ္ဘာ့အစားအစာများ၏ (၁၄) ရာခိုင်နှုန်းခန့်သည် ဈေးကွက်သို့ မရောက်မီဆုံးရှုံးခြင်းနှင့် စားနပ်ရိက္ခာ ဆုံးရှုံးမှုတန်ဖိုးမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ (၄၀၀) ဘီလီယံခန့် ရှိနေခြင်း၊

(၅) အစားအစာဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်းများသည် ကမ္ဘာလုံးဆိုင်ရာ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ (၈) ရာခိုင်နှုန်းကို ထုတ်လွှတ်လျက်ရှိခြင်း၊

(၆) စားနပ်ရိက္ခာ ဆုံးရှုံးမှု (သို့မဟုတ်) ဖြုန်းတီးမှုကို လျှော့ချခြင်းသည် လူတိုင်းအတွက် စားနပ်ရိက္ခာ ပိုမိုရရှိစေခြင်း၊ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းစေခြင်း၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု လျော့ကျစေခြင်းနှင့် ကုန်ထုတ်စွမ်းအားနှင့် စီးပွားရေးမြင့်မားစေခြင်း၊

(၇) ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း (၁၁) နိုင်ငံကသာ အစားအစာဆုံးရှုံးမှု လျှော့ချရေးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ခြင်း၊

(၈) စားနပ်ရိက္ခာ ဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်းများ လျှော့ချရေးအစီအစဉ်များကို အမျိုးသားအဆင့် ရာသီဥတုဆိုင်ရာ မဟာဗျူဟာတွင် ထည့်သွင်းခြင်း၊

(၉) စားနပ်ရိက္ခာဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်းများသည် လူသားတို့၏ ကျင့်ဝတ်ပိုင်းဆိုင်ရာ ထိခိုက်စေမည့်ဘက်သို့ ဦးတည်စေခြင်း၊

(၁၀) စားနပ်ရိက္ခာဖူလုံရေးအတွက် နည်းပညာ တီထွင်ဆန်းသစ်မှုများပြုလုပ်ခြင်း၊ နည်းလမ်းသစ်များ ရှာဖွေခြင်းနှင့် ပြုမူနေထိုင်မှုများ ပြောင်းလဲခြင်း တို့တွင် ပြည်သူပိုင်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ခိုင်မာအားကောင်းလာစေရေး တိုးမြှင့်ခြင်း၊

(၁၁) ဆန်းသစ်သောစိုက်ပျိုးရိတ်သိမ်းမှု နည်းလမ်းများ၊ ဒီဂျစ်တယ် စိုက်ပျိုးရေးနှင့် အစားအစာစနစ်နှင့် ဈေးကွက် ပြန်လည်ပုံဖော်ခြင်း၊

### စားနပ်ရိက္ခာဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်းများလျှော့ချရေးအတွက် ဖြေရှင်းနည်းများ

(၁) E-commerce platforms များ ဆန်းသစ် တီထွင်အသုံးပြုခြင်း၊

(၂) အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍ အစားအစာ ဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်းဆိုင်ရာ လုပ်ရှားမှုများကို အားပေးခြင်းနှင့် ထောက်ပံ့မှုကွင်းဆက်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊

(၃) အသေးစားထုတ်လုပ်မှုများအတွက် သင်တန်းများ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများတွင် ရင်းနှီးမြှုပ်နှံခြင်း၊

(၄) အစားအစာ၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များအား ၎င်းတို့၏အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်အညီ ပိုမိုကောင်းမွန်သည့် ထုပ်ပိုးမှုပုံစံဖြင့် ထုပ်ပိုးခြင်း၊

(၅) နေအိမ်များတွင်အစားအစာကို တန်ဖိုးထားသည့် အလေ့အကျင့်များ ပြုလုပ်ခြင်း၊

(၆) ပိုလျှံသော အစားအစာများကို လိုအပ်သည့် နေရာများသို့ ပြန်လည်မျှဝေခြင်း၊

(၇) တောင်သူလယ်သမားများအား လယ်ယာဈေးကွက်များနှင့်ကျေးလက်ဒေသ၊ မြို့ပြချိတ်ဆက်မှုများမှတစ်ဆင့် လက်လှမ်းမီရရှိစေပြီး တိုတောင်းသည့်ကွင်းဆက်များနှင့် စားသုံးသူများထံ လွယ်ကူချောမွေ့စွာ ရောက်ရှိစေခြင်း၊

(၈) အခြေခံအဆောက်အအုံများနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း၊

Ref: အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာဆက်ဆံရေးဌာန

## “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်းပါးများ ”

### “မြို့ပြနှင့်ပတ်ဝန်းကျင်သာယာလှပပြီး ရေရှည်တည်တံ့ဖို့ စွမ်းအင်အရင်းအမြစ်များအား ချွေတာသုံးစွဲစို့”




ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူသည့် အဓိကမဏ္ဍိုင်(၃)ရပ် ဟန်ချက်ညီညီဖွံ့ဖြိုးစေရန် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အဓိကလုပ်ငန်းရပ်တစ်ခုအနေဖြင့် ထည့်သွင်း ဆောင်ရွက်ရေးသည် အဓိကကျသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ ယနေ့ကမ္ဘာပေါ်ရှိ မြို့ပြများတွင် လူနေထူထပ်မှု ပိုမိုများပြားလာပြီး စွမ်းအင်သုံးစွဲမှုမှာလည်း ယခင်ကထက်ပို၍ အသုံးပြုလာကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan) (MSDP) ၏ ပန်းတိုင် (၅)တွင် နိုင်ငံ၏အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် (Natural Resources and The Environment For Posterity of The Nation) ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်းသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်ပြီး လက်ရှိနှင့် နောင်လာမည့်မျိုးဆက်များအတွက် ကောင်းကျိုးရရှိစေရန် ရည်ရွယ်ပြီးရေးဆွဲထားပါသည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံးသည် သဘာဝပတ်ဝန်းကျင်အား ထိခိုက်စေမည့် အရာအားလုံးကို အစွမ်းကုန်ကြိုးစားအားထုတ်၍ ဝိုင်းဝန်းစုပေါင်း ကာကွယ်စောင့်ရှောက်သွားကြရမည်မှာ လူသားအားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။

လူများသည် အလုပ်လုပ်နိုင်ရန်အတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးကို သုံးစွဲကြပါသည်။ စွမ်းအင်အရင်းအမြစ်ကို အမျိုးအစား (၂) မျိုးခွဲခြား သတ်မှတ်ထားပါသည်။ ပြန်လည်အစားထိုးမရနိုင်တဲ့ စွမ်းအင်အရင်းအမြစ်များနဲ့ ပြန်လည်အစားထိုးရနိုင်တဲ့ စွမ်းအင်အရင်းအမြစ်များ ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ပြုပြင်သုံးစွဲရသည့် ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ ယူရေနီယမ် (နျူးကလီးယားစွမ်းအင်) တို့သည် ချက်ချင်းပြန်လည်အစားထိုးလို့မရသည့် စွမ်းအင်အရင်းအမြစ်များဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစွမ်းအင်အရင်းအမြစ်များ၏ ရရှိနိုင်မှုမှာ အကန့်အသတ်များစွာရှိနေ၍ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် စွမ်းအင်အကြောင်းကောင်းစွာသိရှိနားလည်ပြီး စွမ်းအင်များကို အလဟဿ မဖြစ်အောင် ချွေတာပြီး အထူးဂရုပြုသုံးစွဲရပါမည်။

ဆွေးမြေ့နေသောအပင်များ၊ တိရစ္ဆာန် အသေကောင်များ၊ စွန့်ပစ်အမှိုက်များမှ ရရှိတဲ့ စွမ်းအင် (ဇီဝလောင်စာ Biomass)၊ ကမ္ဘာ့မြေကြီးထဲမှ ရရှိသည့်အပူစွမ်းအင် (Geothermal) ၊ နေ့စဉ်ရရှိနေသည့် နေရောင်ခြည်၊ လေထုနှင့် မြစ်ချောင်းများမှ စွမ်းအင်အမျိုးမျိုး ထုတ်ယူရရှိနိုင်ပြီး ထိုစွမ်းအင်များသည် ပြည်လည် ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်ပါသည်။ ထို့ကြောင့် နေစွမ်းအင်၊ ရေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာ၊ ကမ္ဘာ့မြေကြီးထဲမှရရှိသည့် အပူစွမ်းအင်များကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ပြန်လည်ဖြည့်ဆည်းပေးနိုင်သည့် စွမ်းအင်အရင်းအမြစ်များအနေဖြင့် အများဆုံးအသုံးပြုသင့်ပါသည်။

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် အသေးစား ၊ အလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးလာမှုနှင့်အတူ မြို့ပြများလည်း ဖွံ့ဖြိုးလာသည့်အလျောက် ညစ်ညမ်းမှုအန္တရာယ်သည်လည်း တဖြည်းဖြည်းကြီးထွားလာခဲ့ပါသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သော ဟိုတယ်များအား လုပ်ငန်းလည်ပတ်ဆောင်ရွက်နေချိန်တွင် သယံဇာတအရင်းအမြစ်များ (ရေ၊ စွမ်းအင်)ကို အလေအလွင့်မရှိစေရေး စနစ်တကျ စီမံ သုံးစွဲရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော (နေစွမ်းအင်၊ လေစွမ်းအင်) များကို အတတ်နိုင်ဆုံး ထည့်သွင်းအသုံးပြုနိုင်ရေး ဆောင်ရွက်ရန်နှင့် ဟိုတယ်များမှ ထွက်ရှိလာမည့် ချိုးရေ/သုံးရေနှင့် စွန့်ပစ်

ရေဆိုးများအား သန့်စင်မှုမပြုလုပ်ဘဲ မြို့တော်စည်ပင်ရေမြောင်း အတွင်းသို့ တိုက်ရိုက်စွန့်ပစ်မည်ဆိုပါက ပတ်ဝန်းကျင်ထိခိုက်မှု ဖြစ်ပေါ်စေနိုင်သည့်အတွက် ရေဆိုးစုကန်၊ အနည်စစ်ကန်များဖြင့် အဆင့်ဆင့်သန့်စင်ပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည် အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်များနှင့်အညီ သန့်စင် ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်လိုအပ်ပါသည်။

မြို့ပြနှင့် ပတ်ဝန်းကျင်သာယာလှပစေရန်နှင့် လူသား တို့၏ ကျန်းမာရေးအတွက် လေထုညစ်ညမ်းမှုမဖြစ်စေရန် တားဆီးကာကွယ်ရေးမှာ အဓိကအရေးကြီးဆုံး အချက်တစ်ချက် ပင်ဖြစ်ပါသည်။ ထို့ကြောင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ (၂.၄.၂၀၂၀) ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကို ထိန်းချုပ်ကာကွယ်နိုင်ရန် အိုဇုန်းလွှာပျက်စီးစေသော အဓိက ဒြပ်ပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကလိုရို ဖလူရိုကာဗွန်(HCFCs/ R–22) အသုံးပြုသော မြင်းကောင်ရေ ၂.၅ အောက် အင်အားရှိ လေအေးပေးစက်(HCFCs/R–22 based split and window type air conditioner equipment )များ ပြည်တွင်းသို့ တင် သွင်းမှု ကို ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ(၁)ရက်နေ့မှစ၍ တားမြစ် လိုက်ပါသည်။ ထို့ပြင်မြို့ပြသာယာလှပမှုနှင့် လူသားတို့၏ ကျန်းမာရေးအတွက် လေကောင်း၊ လေသန့်ရရှိရန် သစ်ပင် များ လိုအပ်ပါသည်။ သစ်ပင်များသည် ကျွန်ုပ်တို့ပတ်ဝန်း ကျင်ရှိလေထုကို သန့်ရှင်းစေသည့်အပြင် ဂေဟစနစ်ကိုလည်း ကောင်းမွန်စေပါသည်။ ကျွန်ုပ်တို့ ကမ္ဘာလောကကြီးနှင့် လူသားများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေသော သစ်ပင်များကို မိမိတို့၏ ပတ်ဝန်းကျင်တွင် အလေးထား၍ ပိုမိုစိုက်ပျိုးထား သင့်ပါသည်။

ကျွန်ုပ်တို့ကမ္ဘာကြီးသည် တိုးပွားလာသည့် လူဦးရေနှင့် အညီ မြို့ပြများအလွန်အမင်းချဲ့ထွင်လာမှုနှင့်အတူ လိုအပ် သည့် စွမ်းအင်အမျိုးမျိုး၊ ပျက်စီးဆုံးရှုံးသွားသည့် သစ်တော မြေနှင့် စိုက်ပျိုးမြေများ၊ သယ်ယူပို့ဆောင်ရေးအတွက် သုံးစွဲ ရမည့် ဇီဝရုပ်ကြွင်းလောင်စာများကြောင့် ပတ်ဝန်းကျင်ထိခိုက် မှုများသည် အချိုးညီမျှမှု မရှိသည်ကို လေ့လာသိရှိရပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို မထိခိုက်စေသည့်အပြင် ဇီဝ ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုကို လျှော့ချနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ဖြစ်သည့် နေရောင်ခြည်စွမ်းအင် (Solar Power) ၊ ရေအားလျှပ်စစ် (Hydropower) နှင့် လေအားလျှပ်စစ် (Wind Power) တို့အား အသုံးပြု၍ လျှပ်စစ်ဓာတ်အားကို ထုတ်ယူသုံးစွဲသင့်ပါသည်။ သို့မှသာ ပြန်လည်အစားထိုးမရသည့် စွမ်းအင်အရင်းအမြစ် များကို ချွေတာရာရောက်ပါမည်။ ကျွန်ုပ်တို့သည် နေ့စဉ်လျှပ်စစ် အသုံးပြုမှုကို နည်းအမျိုးမျိုးဖြင့် ချွေတာနိုင်ပါသည်။ ဥပမာ– မီးသီးတစ်လုံးဖြင့် အလုပ်ကောင်းကောင်းလုပ်နိုင်ရင် မီးသီး နှစ်လုံးဖွင့်မထားပါနှင့်။ အပြင်သွားချိန်၊ ရုံးဆင်းချိန်နှင့် အလုပ်လုပ် ပြီးချိန်များတွင် မီးခလုတ်များကို သေချာစွာပိတ်သွားရန်၊ နေသာသောနေ့များတွင် သဘာဝအလင်းရောင်ဖြင့် အလုပ် လုပ်ပါ။ စာဖတ်ပါ။ ထိုကဲ့သို့ လူတိုင်းကိုယ်စီ စွမ်းအင်အသုံးပြု မှုကို ချွေတာခြင်းဖြင့် ကမ္ဘာကြီး၏ စွမ်းအင်အရင်းမြစ်များ ဆုံးရှုံးမှုကို ကာကွယ်ပေးရာရောက်ပါသည်။

ထို့အပြင် မြို့ပြ၏သာယာလှပမှုကို အကျည်းတန် ဖျက်ဆီးတတ်သော စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အမှိုက်များအား လျှော့ချရန်အတွက် Reduce, Reuse, Recycle, Return, Reject ဟုခေါ်သော 5R ကို စနစ်တကျ လိုက်နာကျင့်သုံးရမည့်အပြင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသည့် အမှိုက် စွန့်ပစ်ရမည့်နေရာများတွင် စနစ်တကျ စွန့်ပစ်ရန်နှင့် ရေမြောင်းများ၊ မြစ်များ၊ ချောင်းများ၊ အင်းအိုင်များနှင့် သမုဒ္ဒရာများအတွင်းသို့ စွန့်ပစ်ခြင်းအား အထူးရှောင်ရှား၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်မှသာ မြို့ပြနှင့်ပတ်ဝန်းကျင်သည် ရေရှည်တည်တံ့၍ သာယာလှပနေမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် မြို့ပြနှင့်ပတ်ဝန်းကျင် သာယာလှပပြီး ရေရှည်တည်တံ့စေရန်အတွက် ကျွန်ုပ်တို့အားလုံးသည် မိမိတို့ ပတ်ဝန်းကျင်ရှိ စွမ်းအင်အရင်းအမြစ်များကို ချွေတာစွာ သုံးစွဲရမည့်အပြင် ပတ်ဝန်းကျင်သာယာလှပပြီး စိမ်းလန်း စိုပြည်စေရန် ကမ္ဘာကြီး၏အဆုတ်ဟု တင်စားခေါ်ဝေါ်သည့် သစ်ပင်၊ ပန်းပင်များကို အတတ်နိုင်ဆုံးကြိုးစားပြီး ပိုမိုအလေးထား စိုက်ပျိုးကြရန်နှင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ကြရန် တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။


ရဲသူအောင်
ဒုတိယဦးစီးမှူး
ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန



ကျမ်းကိုးစာရင်း – မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈–၂၀၃၀)၊ အခြေခံပတ်ဝန်းကျင်ဆိုင်ရာဘာသာရပ် ဆရာများလက်စွဲ (Summary) ၊ လေထုညစ်ညမ်းမှုဆိုင်ရာ အမေးအဖြေများ (ဘာသာ ပြန်ဆိုသူ – ဒေါ်ငြိမ်းငြိမ်းခိုင် ) (ဒုတိယညွှန်ကြားရေးမှူး)

# “ရာသီဥတုပြောင်းလဲခြင်းနှင့် မြန်မာနိုင်ငံ”



ရာသီဥတုပြောင်းလဲခြင်းဆိုသည်မှာ သိသာထင်ရှားပြီး ရေရှည်ပြောင်းလဲမှုဖြစ်နေသောဒေသ သို့မဟုတ် ကမ္ဘာတစ်ဝှမ်း၌ဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များဖြစ်ပါသည်။ ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုအား နိုင်ငံတိုင်း၊ ဒေသတိုင်းလိုလိုတွင် တွေ့ကြုံခံစားနေကြရသည်မှာ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့နေကြရသည်။ နိုင်ငံ၏ တည်နေရာအလိုက် ရာသီဥတုအမျိုးအစားများ ကွဲပြားသော်လည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ခံစားရလျက်ရှိသည်။ ရာသီဥတုပြောင်းလဲခြင်းနှင့်အတူ နောက်ဆက်တွဲ ဆိုးကျိုးများစွာသည် ကမ္ဘာပေါ်ရှိလူသားများသာမက သက်ရှိသတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များအပေါ်တွင်လည်း များစွာ သက်ရောက်မှုများ ရှိနေသည်။ ရာသီဥတုဖောက်ပြန် ပြောင်းလဲခြင်း၏ အဓိကအကြောင်းအရင်းမှာ လူသားများကြောင့်ပင်ဖြစ်ပြီး ၎င်း၏အကျိုးဆက်များကိုလည်း လူသားများသာမက အပင်များ၊ တိရစ္ဆာန်များနှင့်သက်ရှိဇီဝ ဖြစ်စဉ်များအားလုံးပြန်လည် ခံစားနေရခြင်းဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ၉၀%သည်လူသားတို့၏ ပယောဂများကြောင့်ဖြစ်သည်ဟု သိရှိရသည်။

ရာသီဥတုပြောင်းလဲရသည့် အကြောင်းအရင်းမှာ မှန်လုံအိမ်ဓာတ်ငွေ့ (Greenhouse gas) များ၏ သက်ရောက်မှုကြောင့်ဖြစ်သည်။ ၎င်းတို့သည် လေထုထဲမှ ဓာတ်ငွေ့များဖြစ်ပြီး အပူစွမ်းအင်ကို သယ်ဆောင်နိုင်စွမ်းရှိသည့် အနီအောက်ရောင်ခြည်များအား စုပ်ယူနိုင်၊ ထုတ်လွှတ်နိုင်သည့် ဓာတ်ငွေ့များဖြစ်သည်။ ကမ္ဘာ့လေထုအတွင်း တွေ့ရသည့် မှန်လုံဓာတ်ငွေ့များတွင် ရေငွေ့၊ မီသိန်းဓာတ်ငွေ့ ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရပ်စ်အောက်ဆိုဒ်နှင့် အိုဇုန်းတို့ပါဝင်ပါသည်။ မှန်လုံအိမ်ဓာတ်ငွေ့သည် ကမ္ဘာမြေကြီးကို ခြုံလွှာသဖွယ် ဆောင်ရွက်ပေးသည်။ ကမ္ဘာ့မြေပြင်၊ ကမ္ဘာ့ရေပြင်တို့မှ ကောင်းကင်ယံသို့ ကန်ထွက်လာသော အပူဓာတ်များကို လေထုအတွင်းရှိ ဓာတ်ငွေ့အချို့က စုပ်ယူထိန်းသိမ်းထားခြင်းဖြင့် ကမ္ဘာကို ပူနွေးစေသည်ကို မှန်လုံအိမ်ဓာတ်ငွေ့ဟုခေါ်သည်။ လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့များပြားလာခြင်းကြောင့် ကမ္ဘာကြီးပူနွေးလာကာ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကို ဖြစ်ပေါ် စေသည်။

**မှန်လုံအိမ်ဓာတ်ငွေ့များ ရှိသင့်သောပမာဏထက် ပိုမိုများပြားလာရခြင်း**

မှန်လုံအိမ်ဓာတ်ငွေ့များ များပြားလာရခြင်းသည် လူဦးရေ တိုးပွားလာခြင်း၊ စက်ရုံ အလုပ်ရုံများ များပြားလာခြင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခြင်းစသည့် အကြောင်းအရင်းများကြောင့်ဖြစ်သည်။ ကမ္ဘာ့လူဦးရေတိုးနှုန်းမှာလည်း တစ်နေ့ထက်တစ်နေ့ များပြားလျက်ရှိပြီး လူဦးရေ တိုးပွားလာသည်နှင့်အမျှ လူတို့၏ စားဝတ်နေရေးအတွက် လယ်ယာမြေများ တိုးချဲ့လုပ်ကိုင်လာခြင်း၊ ရုပ်ကြွင်းလောင်စာများ ထုတ်ယူသုံးစွဲမှုများပြားလာခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာခြင်း ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာခြင်းနှင့် လူသုံးကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်အသုံးပြုခြင်းစသည်တို့ကို လူသားတို့ လုပ်ဆောင်လာခဲ့ကြသည်။ ကမ္ဘာ့အပူချိန်မြင့်တက်ခြင်းသည် တစ်နှစ်ထက်တစ်နှစ် သိသာစွာ တိုးလာနေသည်။ ၁၈၆၀ ပြည့်နှစ်မှ နှစ်ပေါင်း ၁၅၀ အတွင်းတွင် အပူပြင်းဆုံးနှစ်ကာလများမှာ ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင်သာဖြစ်ပေါ်၍ လွန်ခဲ့သော နှစ် ၁၀၀ က ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်သာရှိခဲ့သော်လည်း မျက်မှောက်ကာလတွင် ၁၄ ဒသမ ၃ ဒီဂရီ စင်တီဂရိတ်အထိ မြင့်တက်လာကြောင်း ကိုလည်းလေ့လာသိရှိရပါသည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများနှင့် ၎င်းတို့၏နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နေမှုများကို ဖြေရှင်းလျှော့ချနိုင်ရန် မိမိတို့နိုင်ငံနှင့် သင့်လျော်သောနည်းလမ်းများကို ရှာဖွေဖော်ထုတ်၍ လိုက်နာကျင့် သုံးနိုင်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

## မြန်မာနိုင်ငံ၏ရာသီဥတုအခြေအနေ

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ၏ ဆိုးကျိုးများစွာကိုလည်း ခံစားရသည်။ မိုးခေါင်ခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းများမကြာခဏ တိုက်ခတ်ခြင်း၊ ရေခဲများအရည်ပျော်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ခြင်း၊ အစားအစာနှင့် သောက်သုံးရေရှားပါးလာခြင်း၊ ရောဂါဘယထူပြောလာခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များကို ဖြစ်ပေါ်စေခဲ့ပါသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ မြန်မာနိုင်ငံသည်လည်း ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဘက်စုံထောင့်စုံမှ သက်ရောက်မှုများခံစားခဲ့ရသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အလျောက် ရာသီဥတုကောင်းမွန်ရန် အထူးလိုအပ်သည်။ ယခုအခါမြန်မာနိုင်ငံ၏ အချို့ဒေသများတွင် မုတ်သုံရာသီမှာ ရက် ၃၀ အောက်အထိပင် လျော့ကျကာ တိုတောင်းလာသည်ဟုသိရသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀% သည် စိုက်ပျိုးရေးလုပ်ငန်းကို အမှီပြုနေရပြီး စိုက်ပျိုးရေးအတွက် လိုအပ်သောမုတ်သုံကာလ တိုတောင်းလာခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍကို ထိခိုက်စေသည့်အပြင် မြန်မာနိုင်ငံအောက်ပိုင်းရှိ ပင်လယ်ကမ်းရိုးတန်းဒေသများတွင်လည်း ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ဆားငံရေများ စိုက်ပျိုးမြေအတွင်းသို့ ဝင်ရောက်ကာ စိုက်ပျိုးရေးလုပ်ငန်းများအား ထိခိုက်စေခဲ့ပါသည်။ ကမ်းရိုးတန်းဒေသများတွင် အထူးသဖြင့် ဆိုင်ကလုန်းမုန်တိုင်းများ၊ အပူပိုင်းမုန်တိုင်းများနှင့် ဆူနာမီ ဘေးဒဏ်များ ကျရောက်နိုင်သည့်နည်းတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီး၊ ရေလျှံခြင်းများသည်လည်း ကြိမ်ဖန်များစွာကြုံတွေ့နေရသည်။

မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များကြောင့် အသက်ပေါင်းများစွာပေးဆပ်ခဲ့ရသည်။ ၂၀၀၈ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူပေါင်းများစွာ၏ အသက်အိုးအိမ်များ ဆုံးရှုံးခဲ့ရသည်။ ၂၀၁၅ ခုနှစ်တွင်လည်း ရေကြီးရေလျှံမှုများကို နိုင်ငံအနှံ့အပြားတွင် ကြုံတွေ့ခဲ့ရသည်။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇နှင့်၂၀၁၈ခုနှစ်တို့တွင်လည်း ရေကြီးရေလျှံမှုများကိုကြုံတွေ့ခဲ့ရသည်။ နေရာဒေသအချို့တွင် ရေကြီးရေလျှံမှုများကို ခံစားနေရသော်လည်း အချို့ဒေသများတွင် မိုးခေါင်မှုဒဏ်ကို ခံစားနေကြရသည်။ ၂၀၁၉ ခုနှစ်တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သဲဖြူကုန်းကျေးရွာရှိ 'မလတ် 'တောင်ပြိုခြင်းကြောင့် လူပေါင်းများစွာ၏ အသက်အိုးအိမ်များစွာ ဆုံးရှုံးခဲ့ရသည်။ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာခြင်းသည် ကမ္ဘာကြီးပူနွေးလာကာ ရာသီဥတုဖောက်ပြန်မှုများကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အပူချိန်များသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးလာနေသည်။ အပူချိန်မြင့်တက်လာခြင်းကြောင့် အညာဒေသများတွင် နွေရာသီအစဦးပင် သောက်သုံးရေ ရှားပါးမှုများကို ကြုံတွေ့နေရသည်။ နွေအခါ သောက်သုံးရေ ရှားပါးသည့် ဒေသများသည်လည်း တစ်နှစ်ထက်တစ်နှစ် များလာသည်။

## လူတစ်ဦးချင်းစီတာဝန်ယူ ဆောင်ရွက်သင့်သည်များ

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကို လျှော့ချရန် ကမ္ဘာပေါ်တွင်နေထိုင်သော လူသားတိုင်းတွင် တာဝန်ရှိသည်။ လူသားတို့အနေဖြင့် မည်သည့်တာဝန်များကို မည်သို့ တာဝန်ယူကြရမည်နည်း။ ရှေ့တွင်ဖော်ပြခဲ့သည့် အရာများထဲတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲရသည့် အကြောင်းအရင်းများနှင့် မြန်မာနိုင်ငံတွင် တွေ့ကြုံခံစားခဲ့ရသည့် ဘေးအန္တရာယ်များ အကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာကြီးနှင့် မိမိတို့နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုများကိုလျှော့ချရန် မိမိတို့နေ့စဉ်ဘဝတွင်ပြုလုပ်နေသော ပြုလုပ်လေ့ရှိသည့် အရာများကို ပြန်လည်သုံးသပ်သင့်သော အချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။

ပထမဦးစွာ မိမိတို့ကာဗွန်ခြေရာကို လျှော့ချကြပါစို့။ အသား၊ ငါး စားသုံးခြင်းအတွက် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်စေသဖြင့် မိမိတို့အနေဖြင့် တတ်နိုင်သလောက် အသားများ အလွန်အကျွံစားသုံးခြင်းကိုလျှော့ချခြင်း၊ မိမိတို့ သွားလာရေးအတွက် အများသုံးယာဉ်များကိုသုံးခြင်း၊ စက်ဘီးများအသုံးပြုခြင်း၊ ခြေကျင်လမ်းလျှောက်သွားခြင်း၊ ရေကို ခြွေတာအသုံးပြုခြင်း စသည့်အချက်များကို လိုက်နာခြင်းဖြင့်လည်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တစ်ဦးချင်းအနေဖြင့် လျှော့ချရာရောက်ပါသည်။ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အထိမ်းအမှတ်ပွဲများတွင် တက်ကြွစွာပါဝင်ဆင်နွှဲခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော လူထုလှုပ်ရှားဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်းတို့ကို ပြုလုပ်ခြင်းဖြင့်လည်း ကမ္ဘာကြီးအတွက် တာဝန်ကျေသောလူသားတစ်ယောက်

ဖြစ်စေရန် အထောက်အကူပြုမည်ဟု ထင်မြင်မိပါသည်။ ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူတိုင်း တစ်ဦးတစ်ယောက်ချင်းစီ အလိုက် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုလျှော့ချခြင်းကို တစ်ထောင့်တစ်နေရာမှ တာဝန်ယူဆောင်ရွက်ခြင်းဖြင့် ကမ္ဘာကြီးအတွက် တာဝန်ကျေသောလူသားကောင်းတစ်ဦးအဖြစ် တာဝန်သိတက်စွာ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။


မိုးသန္တာ
ဦးစီးအရာရှိ
စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန


## “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကဗျာ”

### “အဖြူရောင်ညစ်ညမ်းမှု”

တစ်ခါသုံးပြီး လွှင့်ပစ်လိုက်ကြတာပဲ
ဆွေးမြေ့ဖို့အတွက် နှစ်တွေ ရာထောင်ချီစောင့်ဆိုင်းရ
ဒီလိုနဲ့ .... ဒဏ်ရာရသတ္တဝါတွေရဲ့ တရားခံဟာ
ငါ ဖြစ်ခဲ့တာလား?
လောင်ကျွမ်းပြာကျချင်တာတောင်မှ
လေထုနဲ့အိုဇုန်းကို အားနာနေရ
ဒီတော့......
ငါ့ကို.............လျှော့ချပါ
ငါ့ကို.............ထပ်ခါထပ်ခါ ပြန်သုံးပါ
ငါ့ကို............ပုံစံသစ်နဲ့ပြန်သုံးပါ
ဖြစ်နိုင်ရင်လေ
ငါ့ကို ဟိုး.......ဝေးဝေးကို
မောင်းထုတ်လိုက်စမ်းပါ။
(တစ်ခါသုံးပလတ်စတစ်များကို လျှော့ချကြပါစို့)


လှိုင်ဝင်းသန်း
ဒုတိယဦးစီးမှူး
ကချင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန




## “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကာတွန်း”




